“မည်သူမဆို မိမိ၏မွတ်စ်လင်မ်ညီနောင်အား ‘အို-ကာဖိရ်
(မယုံကြည်သူ)’ဟု ပြောဆိုပါက ထိုစကားသည်
ထိုသူနှစ်ဦးအနက် တစ်ဦးဦးထံသို့ ပြန်ရောက်သွားမည်။
အကယ်၍ ထို(ပြောခံရ)သူသည် သူပြောသည့်အတိုင်း မှန်ကန်ပါက
(ထိုစကားသည် သူ့အပေါ် သက်ရောက်မည်)။ သို့မဟုတ်ပါက
ထိုစကားသည် ပြောဆိုသူထံသို့ပင်
ပြန်ရောက်သွားလိမ့်မည်။”
အိဗ်နုအုမရ်(ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ “မည်သူမဆို
မိမိ၏မွတ်စ်လင်မ်ညီနောင်အား ‘အို-ကာဖိရ် (မယုံကြည်သူ)’ဟု ပြောဆိုပါက ထိုစကားသည်
ထိုသူနှစ်ဦးအနက် တစ်ဦးဦးထံသို့ ပြန်ရောက်သွားမည်။ အကယ်၍ ထို(ပြောခံရ)သူသည်
သူပြောသည့်အတိုင်း မှန်ကန်ပါက (ထိုစကားသည် သူ့အပေါ် သက်ရောက်မည်)။ သို့မဟုတ်ပါက
ထိုစကားသည် ပြောဆိုသူထံသို့ပင် ပြန်ရောက်သွားလိမ့်မည်။”
[صحيح] [متفق عليه]
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ကမွတ်စ်လင်မ်တစ်ဦးသည်
မိမိ၏ညီနောင်မွတ်စ်လင်မ်တစ်ဦးအား ‘အို ကာဖိရ်’ဟု ခေါ်ဝေါ်ခြင်းမှ
သတိပေးတားမြစ်တော်မူခဲ့သည်။ ထိုသို့ခေါ်ဝေါ်ခြင်းဖြင့် အပြစ်သည် ပြောဆိုသူနှင့်
ခံရသူအနက်မှ တစ်ဦးဦးအပေါ် ကျရောက်စေသည်။ အကယ်၍ ပြောခံရသူသည် အမှန်တကယ်
ကာဖိရ်မဟုတ်ပါက ထိုစကားသည် မိမိညီ‌နောင်အားကာဖိရ်ဟု ပြောဆိုသူထံသို့ပင်
ပြန်ရောက်သွားလိမ့်မည်ဟု မိန့်ကြားတော်မူခဲ့သည်။
https://www.sunnah.global/hadeeth/my/show/66271